# အဘိဓမ္မပိဋက

# ဝိဘင်္ဂပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၅ - ပဋိသမ္ဘိဒါဝိဘင်္ဂ

## (ပဋိသမ္ဘိဒါလေးပါးတို့ကို ဝေဖန်ပြသော ဝိဘင်း)

**၁ - သုတ္တန္တဘာဇနီယနည်း** (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

၁ - အကျဉ်းချုပ်ပြဆိုခြင်း (သင်္ဂဟဝါရ)

၂ - သစ္စာလေးပါးကို ပြဆိုခြင်း (သစ္စဝါရ)

၃ - အကြောင်း (အကျိုး) တရားတို့ကို ပြဆိုခြင်း (ဟေတုဝါရ)

၄ - ရုပ်နာမ်တို့၏ အကျိုးအကြောင်းတို့ကို ပြဆိုခြင်း (ဓမ္မဝါရ)

၅ - ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုခြင်း (ပဋိစ္စသမုပ္ပါဒဝါရ)

၆ - ပိဋက သုံးပုံကို ပြဆိုခြင်း (ပရိယတ္တိဝါရ)

**၂ - အဘိဓမ္မဘာဇနီယနည်း** (အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားခြင်း)

၁ - ကုသိုလ်တရားတို့ကို ပြဆိုခြင်း (ကုသလဝါရ)

မဟာကုသိုလ် ပဌမစိတ်

မဟာကုသိုလ် ဒုတိယစိတ် စသည်

ရူပကုသိုလ် ငါးခု

အရူပကုသိုလ် လေးခု

လောကုတ္တရာကုသိုလ်

၂ - အကုသိုလ်တရားတို့ကို ပြဆိုခြင်း (အကုသလဝါရ)

အကုသိုလ် ပဌမစိတ်

အကုသိုလ် ဒုတိယစိတ် စသည်

# ၁၅ - ပဋ္ဌိသမ္ဘိဒါဝိဘင်္ဂ

၃ - ဝိပါက်တရားတို့ကို ပြဆိုခြင်း (ဝိပါကဝါရ)

အဟိတ်ကုသလဝိပါက်

သောတဝိညာဏ် စသည်

သမ္ပဋိစ္ဆိုင်း

သောမနဿသန္တီရဏ

ဥပေက္ခာသန္တီရဏ

သဟိတ်ဝိပါက်

မဟာဝိပါက်

ရူပဝိပါက်

အရူပဝိပါက်

လောကုတ္တရာဝိပါက်

အကုသလဝိပါက်

ပဥ္စဝိညာဏ်

သမ္ပဋိစ္ဆိုင်း, သန္တီရဏ

၄ - ကိရိယာတရားတို့ကို ပြဆိုခြင်း (ကိရိယဝါရ)

အဟိတ်ကိရိယာ

ပဥ္စဒွါရာဝဇ္ဇန်း

မနောဒွါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပါဒ်

မဟာကြိယာစိတ်

ရူပါဝစရနှင့် အရူပါဝစရကြိယာ

ပဋ္ဌိသမ္ဘိဒါလေးပါး အရကောက်

# ၁၅ - ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

**၃ - ပဉှာပုစ္ဆကနည်း** (အမေးအဖြေပြု၍ ဟောကြားသောနည်း)

ပဋိသမ္ဘိဒါလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အမေးပုစ္ဆာနည်းသက်သက်ကို ပြဆိုခြင်း

ပဋိသမ္ဘိဒါလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

၁ - တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ပြခြင်း

| | |
|---|---|
| (၁) ကုသလတိက်အဖြေ | (၁၂) ပရိတ္တတိက် |
| (၂) ဝေဒနာတိက်အဖြေ | (၁၃) ပရိတ္တာရမ္မဏတိက် |
| (၃) ဝိပါကတိက်အဖြေ | (၁၄) ဟီနတိက် |
| (၄) ဥပါဒိန္နတိက်အဖြေ | (၁၅) မိစ္ဆတ္တတိက် |
| (၅) သံကိလိဋ္ဌတိက် | (၁၆) မဂ္ဂါရမ္မဏတိက် |
| (၆) ဝိတက္ကတိက် | (၁၇) ဥပ္ပန္နတိက် |
| (၇) ပီတိတိက် | (၁၈) အတီတတိက် |
| (၈) ဒဿနတိက် | (၁၉) အတီတာရမ္မဏတိက် |
| (၉) ဒဿနဟေတုတိက် | (၂၀) အဇ္ဈတ္တတိက် |
| (၁၀) အာစယဂါမိတိက် | (၂၁) အဇ္ဈတ္တာရမ္မဏတိက် |
| (၁၁) သေက္ခတိက် | (၂၂) သနိဒဿနတိက် |

၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ဟေတုဂေါစ္ဆကအဖြေ

| | |
|---|---|
| (၁) ဟေတုဒုက် | (၄) ဟေတုသဟေတုကဒုက် |
| (၂) သဟေတုကဒုက် | (၅) ဟေတုဟေတုသမ္ပယုတ္တဒုက် |
| (၃) ဟေတုသမ္ပယုတ္တဒုက် | (၆) နဟေတုသဟေတုကဒုက် |

စူဠန္တရဒုက်အဖြေဝိသဇ္ဇနာ

| | |
|---|---|
| (၇) သပ္ပစ္စယဒုက် | (၁၁) ရူပီဒုက် |
| (၈) သင်္ခတဒုက် | (၁၂) လောကိယဒုက် |
| (၉) သနိဒဿနဒုက် | (၁၃) ကေနစိဝိညေယျဒုက် |
| (၁၀) သပ္ပဋိဃဒုက် | |

# ၁၅ - ပဋ္ဌာန်းသမ္ဘိဒါဝိဘင်္ဂ

၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

အာသဝဂေါစ္ဆကအဖြေ

(၁၄) အာသဝဒုက်
(၁၅) သာသဝဒုက်
(၁၆) အာသဝသမ္ပယုတ္တဒုက်
(၁၇) အာသဝသာသဝဒုက်
(၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်
(၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

သဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

မဟန္တရဒုက်အဖြေ

(၅၅) သာရမ္မဏဒုက်
(၅၆) စိတ္တဒုက်
(၅၇) စေတသိကဒုက်
(၅၈) စိတ္တသမ္ပယုတ္တဒုက်
(၅၉) စိတ္တသံသဋ္ဌဒုက်
(၆၀) စိတ္တသမုဋ္ဌာနဒုက်
(၆၁) စိတ္တသဟဘူဒုက်
(၆၂) စိတ္တာနုပရိဝတ္တိဒုက်
(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်
(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်
(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်
(၆၆) အဇ္ဈတ္တိကဒုက်
(၆၇) ဥပါဒါဒုက်
(၆၈) ဥပါဒိန္နဒုက်

ဥပါဒါနဂေါစ္ဆကအဖြေ

(၆၉-၇၄) ဥပါဒါနဒုက်

ကိလေသဂေါစ္ဆကအဖြေ

(၇၅-၈၂) ကိလေသဒုက်

# ၁၅ - ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

၂ - ဒုက် ၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

ပိဋ္ဌိဒုက်အဖြေ

(၈၃) ဒဿနေနပဟာတဗ္ဗဒုက်
(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်
(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်
(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်
(၈၇) သဝိတက္ကဒုက်
(၈၈) သဝိစာရဒုက်
(၈၉) သပ္ပီတိကဒုက်
(၉၀) ပီတိသဟဂတဒုက်
(၉၁) သုခသဟဂတဒုက်
(၉၂) ဥပေက္ခာသဟဂတဒုက်
(၉၃) ကာမာဝစရဒုက်
(၉၄) ရူပါဝစရဒုက်
(၉၅) အရူပါဝစရဒုက်
(၉၆) ပရိယာပန္နဒုက်
(၉၇) နိယျာနိကဒုက်
(၉၈) နိယတဒုက်
(၉၉) သဥတ္တရဒုက်
(၁၀၀) သရဏဒုက်

ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို ဝေဖန်၍ပြသော
ပဋ္ဌိသမ္ဘိဒါဝိဘင်း မာတိကာ ပြီးပြီ။

------

# အဘိဓမ္မပိဋက

# ဝိဘင်ပါဠိတော်

## မြန်မာပြန်

------

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၅ - ပဋိသမ္ဘိဒါဝိဘင်

## (ပဋိသမ္ဘိဒါလေးပါးတို့ကို ဝေဖန်ပြသော ဝိဘင်း)

## ၁ - သုတ္တန္တဘာဇနီယနည်း

## (သုတ္တန်နည်းဖြင့် ဝေဖန်၍ ဟောကြားသောနည်း)

### အကျဉ်းချုပ် ပြဆိုခြင်း (သင်္ဂဟဝါရ)

၇၁၈။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏၊ အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏၊ ထိုအကျိုး အကြောင်းတို့၌ မာဂဓ ဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် 'ပဋိဘာနပဋိသမ္ဘိဒါဉာဏ်' မည်၏။ ။ သင်္ဂဟဝါရတည်း။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ၂ - သစ္စာလေးပါးကို ပြဆိုခြင်း (သစ္စဝါရ)

၇၁၉။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

ဆင်းရဲ၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏၊ ဆင်းရဲဖြစ်ကြောင်း၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏၊ ဆင်းရဲချုပ်ငြိမ်းရာ၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ ဉာဏ်" မည်၏၊ ဆင်းရဲချုပ်ငြိမ်းရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ ဉာဏ်" မည်၏၊ ထိုအကျိုးအကြောင်းတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ဤကား သစ္စဝါရတည်း။

## ၃ - အကြောင်း (အကျိုး) တရားတို့ကို ပြဆိုခြင်း (ဟေတုဝါရ)

၇၂၀။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။ အကြောင်း၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏၊ အကြောင်း၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏၊ ထိုအကြောင်း အကျိုးတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ အကြောင်း၊ အကျိုး၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ဤကား ဟေတုဝါရတည်း။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ၄ - ရုပ်နာမ်တို့၏ အကျိုးအကြောင်းတို့ကို ပြဆိုခြင်း (ဓမ္မဝါရ)

၇၂၁။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အကြင် ရုပ်နာမ်တရားတို့သည် ဖြစ်ကုန်၏၊ ထင်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ် ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ဤရုပ်နာမ်တရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် ရုပ်နာမ် (အကြောင်း) တရားတို့ကြောင့် ထိုရုပ်နာမ် (အကျိုး) တရားတို့သည် ဖြစ်ကုန်၏၊ ထင်ကုန်၏၊ ကောင်းစွာ ဖြစ်ကုန်၏၊ ဖြစ်ပေါ်ကုန်၏၊ အသစ် ဖြစ်ပေါ်ကုန်၏၊ ထင်ရှားဖြစ်ကုန်၏။ ထိုရုပ်နာမ် (အကြောင်း) တရားတို့၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုအကျိုး အကြောင်းတရားတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ဤကား ဓမ္မဝါရတည်း။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ၅ - ပဋိစ္စသမုပ္ပါဒ်ကို ပြဆိုခြင်း (ပဋိစ္စသမုပ္ပါဒဝါရ)

၇၂၂။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ၌ သိသော ဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါ' မည်၏။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ဖြစ်ကြောင်း၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ချုပ်ရာ၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အိုခြင်း 'ဇရာ', သေခြင်း 'မရဏ' ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ ထိုအကျိုး အကြောင်းတရားတို့၌ တရားကို ထုတ်ဆို၍ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

၇၂၃။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။ ပဋိသန္ဓေနေခြင်း 'ဇာတိ' ၌ သိသော ဉာဏ်သည်။ပ။ ဘဝ၌ သိသော ဉာဏ်သည်။ပ။ စွဲလမ်းခြင်း 'ဥပါဒါန်' ၌ သိသော ဉာဏ်သည်။ပ။ တပ်မက်ခြင်း 'တဏှာ' ၌ သိသော ဉာဏ်သည်။ပ။

ခံစားခြင်း 'ဝေဒနာ' ၌ သိသော ဉာဏ်သည်။ပ။ တွေ့ထိခြင်း 'ဖဿ' ၌ သိသော ဉာဏ်သည်။ပ။

အာယတနခြောက်ပါး 'သဠာယတန' ၌ သိသော ဉာဏ်သည်။ပ။ နာမ်ရုပ်၌ သိသော ဉာဏ်သည် ။ပ။

ဝိညာဏ်၌ သိသောဉာဏ် သည်။ပ။ သင်္ခါရတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ သင်္ခါရတို့၏ ဖြစ်ကြောင်း၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ သင်္ခါရတို့၏ ချုပ်ရာ၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ သင်္ခါရတို့၏ ချုပ်ရာသို့ ရောက်ကြောင်း အကျင့်၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါ" မည်၏။ ထိုအကျိုး အကြောင်းတို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိ ပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကျိုး၊ အကြောင်း၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ပဋိစ္စသမုပ္ပါဒဝါရတည်း။

# ပဋိသမ္ဘိဒါဝိဘင်

## ၆ - ပိဋက သုံးပုံကို ပြဆိုခြင်း (ပရိယတ္တိဝါရ)

၇၂၄။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အနက်၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) ပါဠိတော်၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အနက်၊ ပါဠိတော်၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။ ထိုလေးပါးတို့တွင် အဘယ်သည် ပါဠိတော်၌ ခွဲခြင်းစိတ်ဖြာ၍ သိသောဉာဏ် မည်သနည်း။

ဤသာသနာတော်၌ ရဟန်းသည် ပါဠိတော်ကို သိ၏၊ သုတ်ကို၊ ဂေယျကို၊ ဝေယျာကရဏကို၊ ဂါထာကို၊ ဥဒါန်းကို၊ ဣတိဝုတ်ကို၊ ဇာတ်ကို၊ အဗ္ဘုတဓမ္မကို၊ ဝေဒလ္လကို သိ၏၊ ဤအင်္ဂါ ၉-တန်ကို သိသော ဉာဏ်ကို "ဓမ္မပဋိသမ္ဘိဒါ" ဉာဏ်ဟု ဆိုအပ်၏။ ထိုရဟန်းသည် ဟောတော်မူအပ်သော ထိုထို (သုတ်စသည်)၏ အနက်ကို "ဤအနက်သည် ဟောတော်မူအပ်သော ဤ (ပါဠိတော်)၏ အနက်တည်း။ ဤအနက်သည် ဟောတော်မူအပ်သော ဤ (ပါဠိတော်)၏ အနက်တည်း" ဟု သိ၏၊ ဤသို့ အနက်ကို သိသော ဉာဏ်ကို "အတ္ထပဋိသမ္ဘိဒါဉာဏ်" ဟု ဆိုအပ်၏။ ထိုပါဠိတော်နှင့် အနက်တို့၌ မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ ပါဠိတော်နှင့် အနက်၊ သဒ္ဒါတို့ကို သိသော ဉာဏ်တို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ ။ ဤကား ပရိယတ္တိဝါရတည်း။

**သုတ္တန်နည်းဖြင့် ဝေဖန်ဟောကြားသော 'သုတ္တန္တဘာဇနီယ' နည်း ပြီး၏။**

------

# ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

## ၂ - အဘိဓမ္မဘာဇနီယနည်း

## (အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားခြင်း)

## ၁ - ကုသိုလ်တရားတို့ကို ပြဆိုခြင်း (ကုသလဝါရ)

၇၂၅။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

### မဟာကုသိုလ် ပဌမစိတ်

အဘယ်တရားတို့သည် ကုသိုလ်တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော ။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ် သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## မဟာကုသိုလ် ဒုတိယစိတ် စသည်

၇၂၆။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။

သောမနဿဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော၊ တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြုသော ကာမာဝစရကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏၊ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ရူပကုသိုလ် ငါးခု

၇၂၇။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းစျာန်ကို ပွါးများအားထုတ်၏၊ ကာမဂုဏ်တို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမစျာန်သို့ ရောက်၍နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုမာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် အသိဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်

## အရူပကုသိုလ် လေးခု

၇၂၈။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံသို့ ရောက်ရန် အကြောင်းချာန်ကို ပွါးများအားထုတ်၏၊ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့်တကွသော၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ဤကုသိုလ်တရားတို့၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏၊ ထိုမာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ အကျယ်သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## လောကုတ္တရာကုသိုလ်

၇၂၉။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် ကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ္ဋဆင်းရဲမှ ထွက်မြောက်တတ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမ စျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။ ဤကုသိုလ်တရားတို့၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုကုသိုလ်တရားတို့၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာ ဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါ" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် အသိဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ထို ရှေးဉာဏ်သုံးပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါ" မည်၏။

# ပဋ္ဌိသမ္ဘိဒါဝိဘင်္ဂ

## ၂ - အကုသိုလ်တရားတို့ကို ပြဆိုခြင်း (အကုသလဝါရ)

၇၃၀။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

## အကုသိုလ် ပဌမစိတ်

အဘယ်တရားတို့သည် အကုသိုလ်တရားတို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာအယူနှင့် ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော အကုသိုလ်စိတ်သည် ဖြစ်ဆဲဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အကုသိုလ်တို့တည်း၊ ဤအကုသိုလ်တရားတို့၌ သိသော ဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုတရားတို့၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုအကုသိုလ်တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၁)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## အကုသိုလ် ဒုတိယစိတ် စသည်

၇၃၁။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အကုသိုလ်တို့ မည်ကုန်သနည်း။

အကြင်အခါ၌ သောမနဿဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာအယူနှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့် တကွ ဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော ။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ မိစ္ဆာအယူနှင့် ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာအယူနှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော၊ မိစ္ဆာအယူနှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော မိစ္ဆာအယူနှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၈)

ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော အမျက်ထွက်ခြင်းနှင့် ယှဉ်သော။ပ။ (၉)

ဒေါမနဿဝေဒနာနှင့်တကွဖြစ်သော အမျက်ထွက်ခြင်းနှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ ပ။ (၁၀)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ယုံမှားခြင်းနှင့် ယှဉ်သော။ပ။ (၁၁)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ပျံ့လွင့်ခြင်းနှင့် ယှဉ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော အကုသိုလ်စိတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အကုသိုလ်တို့တည်း။ ဤအကုသိုလ်တရားတို့၌ သိသောဉာဏ်သည် "ဓမ္မပဋိသမ္ဘိဒါဉာဏ်" မည်၏။ ထိုအကုသိုလ်တရားတို့၏ အကျိုး၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုအကုသိုလ်တရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်သုံးပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်သုံးပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၁၂)

# ပဋ္ဌာနသမ္ဘိဒါဝိဘင်

## ၃ - ဝိပါက်တရားတို့ကို ပြဆိုခြင်း (ဝိပါကဝါရ)

### အဟိတ်ကုသလဝိပါက်

၇၃၂။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

စက္ခုဝိညာဏ် အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကို အာရုံပြုသော အကျိုးဝိပါက်ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ် တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏၊ ဤနာမ် တရားတို့သည် အဗျာကတတို့တည်း။ ဤအကျိုးတရားတို့၌ သိသော ဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါဉာဏ်' မည်၏။ အကြင် မာဂဓဘာသာဖြင့် ထို (အကျိုး) တရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ပြောဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် 'နိရုတ္တိပဋိသမ္ဘိဒါဉာဏ်' မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၁)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## သောတဝိညာဏ် စသည်

၇၃၃။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတတို့ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော သဒ္ဒါရုံကို အာရုံပြုသော အကျိုးဝိပါက်ဖြစ်သော သောတဝိညာဏ်သည် ဖြစ်ဆဲဖြစ်၏။ပ။ (၂)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဂန္ဓာရုံကို အာရုံပြုသော ဃာနဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၃)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရသာရုံကို အာရုံပြုသော ဇိဝှါဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၄)

သုခဝေဒနာနှင့်တကွဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုသော ကာယဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ'သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ' သည် ဖြစ်၏၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏။ အစိုးတရ ချမ်းသာမှု 'သုခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤနာမ်တရားတို့သည် အဗျာကတတို့တည်း။ ဤအကျိုးတရားတို့၌ သိသော ဉာဏ်သည် 'အတ္ထပဋိသမ္ဘိဒါဉာဏ်' မည်၏။ အကြင် မာဂဓဘာသာဖြင့် ထို (အကျိုး) တရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ပြောဆိုသော အသံ၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၅)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## သမ္ပယုတ္တဲ့စွင်း

၇၃၄။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော သမ္ပဋိစ္ဆိုင်းခေါ် မနောဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ အထူးကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ'သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။ ထိုအခါ၌ ဆိုခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤနာမ်တရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၆)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## သောမနဿသန္တီရဏ

၇၃၅။ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးသဒ္ဒါတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော 'သန္တီရဏ'ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ နှစ်သက်မှု 'ပီတိ' သည် ဖြစ်၏၊ ချမ်းသာမှု 'သုခ' သည် ဖြစ်၏၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ ဝမ်းမြောက်မှု 'သောမနဿိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။ ထိုအခါ၌ ဆိုခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင်ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၇)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ဥပေက္ခာသန္တီရဏ

၇၃၆။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း၊ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော "သန္တီရဏ" ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏၊ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ထိုအခါ၌ ဆိုခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတ မည်ကုန်၏။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါ" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၈)

# ပဋိသမ္ဘိဒါဝိဘင်

## သဟိတ်ဝိပါက်

### မဟာဝိပါက်

၇၃၇။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကာမာဝစရကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော။ပ။ (၁)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ပ။ (၂)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော အကျိုးဖြစ်သော (မဟာဝိပါက်) မနောဝိညာဏဓါတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု "ဖဿ" သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့ မည် ကုန်၏။ ဤတရားတို့၌ သိသောဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓ ဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ် ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၈)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ရူပဝိပါက်

၇၃၈။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးသဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ရူပဘုံသို့ ရောက်ရန် အကြောင်းချာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း။

ထိုရူပါဝစရကုသိုလ်ကံကို သာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ ကာမတို့မှ ကင်းဆိတ်၍ သာလျှင်။ပ။ ပထဝီကသိုဏ်းလျှင် အာရုံရှိသော အကျိုးဝိပါက်ဖြစ်သော ပဌမဈာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတ တရားတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## အရူပဝိပါက်

၇၃၉။ ခွဲခြမ်းစိတ်ဖြာ၍ သိသော ‘ပဋိသမ္ဘိဒါ’ ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အရူပဘုံသို့ရောက်ရန် အကြောင်းကို ပွါးများအားထုတ်၏။ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့်တကွဖြစ်သော၊ ချမ်းသာခြင်း သုခကိုလည်း ပယ်ခြင်းကြောင့်။ပ။ စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏ ။ပ။

မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တို့တည်း၊ ထိုအရူပါဝစရကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ဆည်းပူးခဲ့၍ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့်တကွဖြစ်သော ချမ်းသာခြင်း သုခကိုလည်း ပယ်ခြင်းကြောင့်။ပ။ အကျိုး ဝိပါက်ဖြစ်သော စတုတ္ထစျာန်သို့ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။

မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် “အတ္ထပဋိသမ္ဘိဒါဉာဏ်” မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် “နိရုတ္တိပဋိသမ္ဘိဒါဉာဏ်” မည်၏၊ “ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏” ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် “ပဋိဘာနပဋိသမ္ဘိဒါဉာဏ်” မည်၏။

# ပဋိသမ္ဘိဒါဝိဘင်

## လောကုတ္တရာဝိပါက်

၇၄၀။ ခွဲခြမ်းစိတ်ဖြာ၍ သိသော ‘ပဋိသမ္ဘိဒါ’ ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ မိစ္ဆာအယူတို့ကို ပယ်ရန်၊ ပဌမဘုံ (သောတာပန်အဆင့်) သို့ ရောက်ရန် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သော၊ နိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော လောကုတ္တရာစျာန်ကို ပွါးများအားထုတ်၏။ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် ကုသိုလ်တရားတို့တည်း။ ထိုလောကုတ္တရာ ကုသိုလ်ကံကိုသာလျှင် ပြုခဲ့ ပွါးများခဲ့၍ ကာမတို့မှ ကင်းဆိတ်၍သာလျှင်။ပ။ ဆင်းရဲသော အကျင့်ရှိသော, နှံ့နှေးသော အသိဉာဏ်ရှိသော၊ အတ္တမှဆိတ်သော၊ အကျိုးဝိပါက်ဖြစ်သော ပဌမစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု ‘ဖဿ’ သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု ‘အဝိက္ခေပ’ သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် “အတ္ထပဋိသမ္ဘိဒါဉာဏ်” မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် “နိရုတ္တိပဋိသမ္ဘိဒါဉာဏ်” မည်၏။ “ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏” ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် “ပဋိဘာနပဋိသမ္ဘိဒါဉာဏ်” မည်၏။

## အကုသလဝိပါက်

၇၄၁။ ခွဲခြမ်းစိတ်ဖြာ၍ သိသော ‘ပဋိသမ္ဘိဒါ’ ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

# ပဋိစ္စသမုပ္ပါဒ်ဝိဘင်္ဂ

## ပဉ္စဝိညာဏ်

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကို အာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော စက္ခုဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၁)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော သဒ္ဒါရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော သောတဝိညာဏ် သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၂)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဂန္ဓာရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော ဃာနဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၃)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရသာရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော ဇိဝှါဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၄)

ဒုက္ခဝေဒနာနှင့်တကွဖြစ်သော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြု၍ဖြစ်သော အကျိုးဝိပါက်ဖြစ်သော ကာယဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ဆင်းရဲမှု 'ဒုက္ခ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ ဆင်းရဲမှု 'ဒုက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏။ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။ (၅)

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## သမ္ပယုတ္တစိတ္တုပ္ပါဒ်, သန္တီရဏ

၇၄၂။ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ အကုသိုလ်ကံကို ပြုခဲ့ဆည်းပူးခဲ့၍ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော အကျိုး ဝိပါက် ဖြစ်သော "သမ္ပဋိစ္ဆိုင်း" ခေါ် မနောဓာတ်သည် ဖြစ်၏။ ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ ဖြစ်သော အကျိုးဝိပါက်ဖြစ်သော "သန္တီရဏ" ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏။ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏။ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကိုသိ၏၊ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

## ၄ - ကိရိယာတရားတို့ကို ပြဆိုခြင်း (ကိရိယဝါရ)

### အဟိတ်ကိရိယာ

၇၄၃။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

### ပဉ္စဒွါရာဝဇ္ဇန်း

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ် အကုသိုလ် မဟုတ်သော ကံ၏ အကျိုးလည်း မဟုတ်သော ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဖောဋ္ဌဗ္ဗာရုံကိုလည်း အာရုံပြုသော အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော ကိရိယာဖြစ်သော "ပဉ္စဒွါရာဝဇ္ဇန်း" ခေါ် မနောဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရသိမှု 'မနိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏၊ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးလည်း ဖြစ်ကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏၊ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ဤသို့ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## မနောဒွါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပါဒ်

၇၄၄။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့် သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။ အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြင်အခါ၌ ကုသိုလ် အကုသိုလ် မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ ဗသာမနဿ ဝေဒနာနှင့်တကွဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော ကြိယာ ဖြစ်သော "ဟသိတုပ္ပါဒ်" ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ ကုသိုလ် အကုသိုလ် မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်သော၊ ရူပါရုံကိုလည်း အာရုံပြုသော။ပ။ ဓမ္မာရုံကိုလည်း အာရုံပြုသော၊ အမှတ်မရှိသော အာရုံကိုလည်း အာရုံပြု၍ဖြစ်သော၊ ကြိယာဖြစ်သော "မနောဒွါရာဝဇ္ဇန်း" ခေါ် မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏၊ ခံစားမှု 'ဝေဒနာ' သည် ဖြစ်၏၊ မှတ်သားမှု 'သညာ' သည် ဖြစ်၏၊ စေ့ဆော်မှု 'စေတနာ' သည် ဖြစ်၏၊ သိမှု 'စိတ်' သည် ဖြစ်၏၊ ကြံစည်မှု 'ဝိတက်' သည် ဖြစ်၏၊ သုံးသပ်မှု 'ဝိစာရ' သည် ဖြစ်၏၊ လျစ်လျူရှုမှု 'ဥပေက္ခာ' သည် ဖြစ်၏၊ စိတ်၏ တည်ကြည်မှု 'ဧကဂ္ဂတာ' သည် ဖြစ်၏၊ အစိုးတရ အားထုတ်မှု "ဝီရိယိန္ဒြေ" သည် ဖြစ်၏၊ အစိုးတရ တည်ကြည်မှု "သမာဓိန္ဒြေ" သည် ဖြစ်၏၊ အစိုးတရ သိမှု 'မနိန္ဒြေ' သည် ဖြစ်၏။ အစိုးတရ လျစ်လျူရှုမှု 'ဥပေက္ခိန္ဒြေ' သည် ဖြစ်၏၊ အစိုးတရ စောင့်ရှောက်မှု 'ဇီဝိတိန္ဒြေ' သည် ဖြစ်၏။ ထိုအခါ၌ ဆိုအပ်ခဲ့ပြီးသည်မှ တစ်ပါးကုန်သော အကြောင်းကို စွဲ၍ ဖြစ်ကုန်သော အကြင် နာမ်တရားတို့သည်လည်း ရှိကုန်၏၊ ဤတရားတို့သည် အဗျာကတတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏၊ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကို သိ၏၊ ထိုရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋ္ဌာန်းသမ္မိဒါပါဠိဘာက်

## မဟာကြိယာစိတ်

၇၄၅။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် သုံးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) အကျိုးနှင့်သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

အဘယ်တရားတို့သည် အဗျာကတ မည်ကုန်သနည်း။

အကြောင်းအခါ၌ ကုသိုလ် အကုသိုလ် မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ သောမနဿ ဝေဒနာနှင့်တကွဖြစ်သော၊ ဉာဏ်နှင့် ယှဉ်သော။ပ။ (၁)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့်ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော ပ။ (၂)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။ (၃)

သောမနဿဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွ ဖြစ်သော။ပ။ (၄)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော။ပ။ (၅)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် ယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော။ပ။ (၆)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော။ပ။ (၇)

ဥပေက္ခာဝေဒနာနှင့်တကွဖြစ်သော ဉာဏ်နှင့် မယှဉ်သော တိုက်တွန်းခြင်းနှင့်တကွဖြစ်သော မဟာကြိယာဟူသော မနောဝိညာဏဓာတ်သည် ဖြစ်ဆဲ ဖြစ်၏။ပ။ (၈)

# ပဋိသမ္ဘိဒါဝိဘင်

## ရူပါဝစရနှင့် အရူပါဝစရကြိယာ

ကုသိုလ် အကုသိုလ်လည်း မဟုတ်သော၊ ကံ၏ အကျိုးလည်း မဟုတ်သော၊ မျက်မှောက်ဘဝ၌ ချမ်းသာစွာ နေကြောင်းဖြစ်သော။ပ။ ကိရိယာဖြစ်သော ရူပါဝစရစျာန်ကို ပွါးများအားထုတ်၏။ပ။ (အရူပါဝစရစျာန်ကို ပွါးများအားထုတ်၏)။ အာကိဉ္စညာယတနစျာန်ကို လုံးဝလွန်မြောက်၍ နေဝသညာနာသညာယတနသညာနှင့်တကွဖြစ်သော၊ ချမ်းသာခြင်း 'သုခ' ကိုလည်း ပယ်ခြင်းကြောင့်။ပ။ ကြိယာဖြစ်သော စတုတ္ထစျာန်သို့ ရောက်၍ နေ၏။ ထိုအခါ၌ တွေ့ထိမှု 'ဖဿ' သည် ဖြစ်၏။ပ။ မပျံ့လွင့်မှု 'အဝိက္ခေပ' သည် ဖြစ်၏။ ဤတရားတို့သည် အဗျာကတတရားတို့တည်း။ ဤတရားတို့၌ သိသော ဉာဏ်သည် "အတ္ထပဋိသမ္ဘိဒါဉာဏ်" မည်၏။ အကြင် မာဂဓဘာသာဖြင့် ထိုတရားတို့ကို ပညတ်၏။ ထိုတရားတို့ကို မာဂဓဘာသာဖြင့် ရွတ်ဆိုသော အသံ (သဒ္ဒါ)၌ သိသော ဉာဏ်သည် "နိရုတ္တိပဋိသမ္ဘိဒါဉာဏ်" မည်၏၊ "ဤဉာဏ်တို့သည် ဤအနက်ကို ထွန်းပြတတ်ကုန်၏" ဟု အကြင် ဉာဏ်ဖြင့် ထိုရှေးဉာဏ်နှစ်ပါးတို့ကိုသိ၏။ ဤသို့ ထို ရှေးဉာဏ်နှစ်ပါးတို့၌ သိသော ဉာဏ်သည် "ပဋိဘာနပဋိသမ္ဘိဒါဉာဏ်" မည်၏။

# ပဋိသမ္ဘိဒါဝိဘင်္ဂ

## ပဋိသမ္ဘိဒါလေးပါးအရကောက်

၇၄၆။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်။

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်တို့တည်း။

ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်သုံးပါးတို့သည် ကာမာဝစရကုသိုလ်မှ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ် လေးခုတို့၌ ဖြစ်ကုန်၏။ ကိရိယာမှ ဉာဏသမ္ပယုတ် စိတ္တုပ္ပါဒ်လေးခုတို့၌ ဖြစ်ကုန်၏။ အကျိုး၌ ခွဲခြမ်း စိတ်ဖြာ၍ သိသော ဉာဏ်သည် ဤ (ဆိုခဲ့ပြီး) စိတ္တုပ္ပါဒ်တို့၌ လည်းကောင်း၊ မဂ်လေးပါး ဖိုလ်လေးပါးတို့၌ လည်းကောင်း ဖြစ်၏။

**အဘိဓမ္မာနည်းဖြင့် ဝေဖန်ဟောကြားသောအဘိဓမ္မဘာဇနီယနည်း ပြီး၏။**

------

# ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

## ၃ - ပဉှာပုစ္ဆကနည်း

## (အမေးအဖြေပြု၍ ဟောကြားသောနည်း)

၇၄၇။ ခွဲခြမ်းစိတ်ဖြာ၍ သိသော 'ပဋိသမ္ဘိဒါ' ဉာဏ်တို့သည် လေးပါးတို့တည်း။

(၁) အကျိုး၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၂) အကြောင်း၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၃) သဒ္ဒါ၌ ခွဲခြမ်းစိတ်ဖြာ၍ သိသောဉာဏ်၊

(၄) အကျိုး၊ အကြောင်း၊ သဒ္ဒါတို့၌ အကျယ် ခွဲခြမ်းစိတ်ဖြာ၍ သိသော ဉာဏ်တို့တည်း။

## ပဋိသမ္ဘိဒါလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အမေးပုစ္ဆာနည်းသက်သက်ကို ပြဆိုခြင်း

၇၄၈။ ပဋိသမ္ဘိဒါလေးပါးတို့တွင် ကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အကုသိုလ်တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ အဗျာကတတရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။ပ။

ကိလေသာနှင့်တကွဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း၊ ကိလေသာနှင့်တကွ မဖြစ်သော တရားတို့သည် အဘယ်မျှ ရှိကုန်သနည်း။

# ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

## ပဋိသမ္ဘိဒါလေးပါးတို့ကို တိက်, ဒုက်တို့ဖြင့် ဝေဖန်၍

## အဖြေဝိသဇ္ဇနာကိုပြခြင်း

## ၁ - တိက် ၂၂-တိက်တို့ဖြင့် ဝေဖန်၍ပြခြင်း

### (၁) ကုသလတိက်အဖြေ

၇၄၉။ (ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ကုသိုလ်ဖြစ်ကုန်၏၊ ရံခါ အဗျာကတ ဖြစ်ကုန်၏။

### (၂) ဝေဒနာတိက်အဖြေ

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့် ယှဉ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် ယှဉ်ကုန်၏။

### (၃) ဝိပါကတိက်အဖြေ

ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်း သဘောရှိသော တရား ဖြစ်ကုန်၏၊ ရံခါ အကျိုး (ဝိပါက်) လည်း မဟုတ်၊ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်း သဘောရှိသော တရားလည်း မဟုတ်ကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ အကျိုး (ဝိပါက်) ဖြစ်၏၊ ရံခါ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်း သဘောရှိသော ကုသိုလ်တရား ဖြစ်၏။ ရံခါ အကျိုး (ဝိပါက်) လည်း မဟုတ်၊ အကျိုး (ဝိပါက်) ကို ဖြစ်စေခြင်း သဘောရှိသော ကုသိုလ်တရားလည်း မဟုတ်။

### (၄) ဥပါဒိန္နတိက်အဖြေ

ပဋိသမ္ဘိဒါသုံးပါးတို့သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်ကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်ကား မယူအပ်၊ ဥပါဒါန်၏ အာရုံသာ ဖြစ်၏။ ရံခါ တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့်လည်း မယူအပ်၊ ဥပါဒါန်၏ အာရုံလည်း မဟုတ်။

### (၅) သံကိလိဋ္ဌတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် ကိလေသာတို့ ပူပန်စေအပ်သည် မဟုတ်ကုန်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်ကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ကိလေသာတို့ ပူပန်စေအပ်သည် မဟုတ်မူ၍ ကိလေသာတို့၏ အာရုံသာ ဖြစ်၏။ ရံခါ ကိလေသာတို့ ပူပန်စေအပ်သည်လည်း မဟုတ်၊ ကိလေသာတို့၏ အာရုံလည်း မဟုတ်။

**မှတ်ချက်။** ။ ပါဠိတော်၌ "တိဿော ပဋိသမ္ဘိဒါ အသံကိလိဋ္ဌသံကိလေသိကာ" ဟုသာ ရှိသင့်ပါသည်။

### (၆) ဝိတက္ကတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် ဝိတက်လည်း ရှိ ဝိစာရလည်း ရှိကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဝိတက်လည်း ရှိ ဝိစာရလည်း ရှိ၏။ ရံခါ ဝိတက်ကား မရှိ ဝိစာရမျှသာ ရှိ၏။ ရံခါ ဝိတက်လည်း မရှိ ဝိစာရလည်း မရှိ။

### (၇) ပီတိတိက်

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏။ ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏။ ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏။

### (၈) ဒဿနတိက်

(ပဋိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သည်လည်း မဟုတ်ကုန်။

### (၉) ဒဿနဟေတုတိက်

(ပဋိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်၊ အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသည်လည်း မဟုတ်ကုန်။

### (၁၀) အာစယဂါမိတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်ကုန်၏။ ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်ကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်း ဖြစ်၏၊ ရံခါ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။ ရံခါ စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်း မဟုတ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်။

### (၁၁) သေက္ခတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်ကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်၏၊ ရံခါ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာ ဖြစ်၏။ ရံခါ သေက္ခပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်၊ ရဟန္တာပုဂ္ဂိုလ်တို့၏ ဥစ္စာလည်း မဟုတ်။

### (၁၂) ပရိတ္တတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် ကာမတရား ဖြစ်ကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ကာမတရား ဖြစ်၏၊ ရံခါ လောကုတ္တရာတရား ဖြစ်၏။

### (၁၃) ပရိတ္တာရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါသည် ကာမတရားကို အာရုံပြု၏။ (ကြွင်း) ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ ကာမတရားကို အာရုံပြုကုန်၏၊ ရံခါ မဟဂ္ဂုတ်တရားကို အာရုံပြုကုန်၏၊ ရံခါ လောကုတ္တရာတရားကို အာရုံပြုကုန်၏။

## (၁၄) ဟီနတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် အလတ် (မဇ္ဈိမ) ဖြစ်ကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ အလတ် (မဇ္ဈိမ) ဖြစ်၏၊ ရံခါ အမြတ် (ပဏီတ) ဖြစ်၏။

## (၁၅) မိစ္ဆတ္တတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် အကျိုးပေး မမြဲကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ မဖောက်ပြန်သော သဘောရှိ၍ မိမိ၏ အခြားမဲ့၌ အကျိုးပေးမြဲ၏၊ ရံခါ အကျိုးပေး မမြဲ။

## (၁၆) မဂ္ဂါရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါကို မဂ်ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏ဟူ၍ လည်းကောင်း၊ မဂ်ဟုဆိုအပ်သော အကြီးအမှူးရှိ၏ဟူ၍ လည်းကောင်း မဆိုအပ်။ အတ္ထပဋိသမ္ဘိဒါသည် မဂ်ကို အာရုံ မပြု၊ ရံခါ မဂ်ဟု ဆိုအပ်သော အကြောင်းရှိ၏၊ ရံခါ မဂ်ဟု ဆိုအပ်သော အကြီးအမှူး ရှိ၏။ ရံခါ မဂ်ဟုဆိုအပ်သော အကြောင်းရှိ၏ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူးရှိ၏ ဟူ၍ လည်းကောင်း မဆိုအပ်။ ဓမ္မပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါတို့သည် ရံခါ မဂ်ကို အာရုံပြုကုန်၍ မဂ်ဟု ဆိုအပ်သော အကြောင်း မရှိကုန်၊ ရံခါ မဂ်ဟုဆိုအပ်သော အကြီးအမှူး ရှိကုန်၏။ ရံခါ မဂ်ကို အာရုံပြုကုန်၏ဟူ၍ လည်းကောင်း၊ မဂ်ဟု ဆိုအပ်သော အကြီးအမှူး ရှိကုန်၏ဟူ၍ လည်းကောင်း မဆို အပ်ကုန်။

## (၁၇) ဥပ္ပန္နတိက်

ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်ကုန်၏။ ရံခါ ခဏသုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်ကုန်၊ ပြီးပြီးသော အကြောင်း တစ်စိတ်ရှိသည်၏ အဖြစ်ကြောင့် မချွတ်ဖြစ်လတ္တံ့ ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ခဏသုံးပါးသို့ ရောက်ဆဲ ဖြစ်၏၊ ရံခါ ခဏ သုံးပါးသို့ ရောက်ပြီး ရောက်ဆဲ မဟုတ်၊ ရံခါ မချွတ် (ဧကန်) ဖြစ်လတ္တံ့ ဖြစ်၏။

## (၁၈) အတီတတိက်

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ဖြစ်ပြီး 'အတိတ်' ဖြစ်ကုန်၏၊ ရံခါ မရောက်သေး 'အနာဂတ်' (ဖြစ်လတ္တံ့) ဖြစ်ကုန်၏၊ ရံခါ ဖြစ်ဆဲ 'ပစ္စုပ္ပန်' ဖြစ်ကုန်၏။

## (၁၉) အတီတာရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါသည် ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြု၏။ ဓမ္မပဋိသမ္ဘိဒါ, ပဋိဘာနပဋိသမ္ဘိဒါ နှစ်ပါးတို့သည် ရံခါ ဖြစ်ပြီး (အတိတ်) ကို အာရုံပြုကုန်၏၊ ရံခါ မရောက်သေး (အနာဂတ်) ကို အာရုံပြုကုန်၏၊ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြုကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဖြစ်ပြီး (အတိတ်) ကို အာရုံပြု၏၊ ရံခါ မရောက်သေး (အနာဂတ်) ကို အာရုံပြု၏၊ ရံခါ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြု၏။ ရံခါ ဖြစ်ပြီး

(အတိတ်) ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ မရောက်သေး (အနာဂတ်) ကို အာရုံပြု၏ဟူ၍ လည်းကောင်း၊ ဖြစ်ဆဲ (ပစ္စုပ္ပန်) ကို အာရုံပြု၏ဟူ၍ လည်းကောင်း မဆိုအပ်။

## (၂၀) အဇ္ဈတ္တတိက်

ပဋိသမ္ဘိဒါလေးပါးတို့သည် ရံခါ မိမိသန္တာန်၌ ဖြစ်ကုန်၏၊ ရံခါ သူတစ်ပါး သန္တာန်၌ ဖြစ်ကုန်၏၊ ရံခါ မိမိသန္တာန် သူတစ်ပါး သန္တာန်၌ ဖြစ်ကုန်၏။

## (၂၁) အဇ္ဈတ္တာရမ္မဏတိက်

နိရုတ္တိပဋိသမ္ဘိဒါသည် အပ ‘ဗဟိဒ္ဓ’ သန္တာန်ကို အာရုံပြု၏။ ပဋိသမ္ဘိဒါသုံးပါးတို့သည် ရံခါ မိမိ သန္တာန်ကို အာရုံပြုကုန်၏၊ ရံခါ သူတစ်ပါး သန္တာန်ကို အာရုံပြုကုန်၏၊ ရံခါ မိမိသန္တာန် သူတစ်ပါး သန္တာန်ကို အာရုံ ပြုကုန်၏။

## (၂၂) သနိဒဿနတိက်

ပဋိသမ္ဘိဒါလေးပါးတို့သည် မြင်အပ်သော သဘောလည်း မရှိ၊ ထိပါးတတ်သော သဘောလည်း မရှိကုန်။

# ပဋ္ဌာန်းသမ္ဘိဒါဝိဘင်္ဂ

## ၂ - ဒုက်၁၀၀-တို့ဖြင့် ဝေဖန်၍ အဖြေဝိသဇ္ဇနာကိုပြခြင်း

## ဟေတုဂေါစ္ဆကအဖြေ

**(၁) ဟေတုဒုက်**

၇၅၀။ (ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ် မည်ကုန်၏။

**(၂) သဟေတုကဒုက်**

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ် ရှိကုန်၏။

**(၃) ဟေတုသမ္ပယုတ္တဒုက်**

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်နှင့် ယှဉ်ကုန်၏။

**(၄) ဟေတုသဟေတုကဒုက်**

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်လည်းမည် ဟိတ်လည်း ရှိကုန်၏။

**(၅) ဟေတုဟေတုသမ္ပယုတ္တဒုက်**

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ်လည်းမည် ဟိတ်နှင့်လည်း ယှဉ်ကုန်၏။

**(၆) နဟေတုသဟေတုကဒုက်**

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) ဟိတ် မမည်မူ၍ ဟိတ် ရှိကုန်၏ဟူ၍ လည်းကောင်း၊ ဟိတ်လည်း မမည်, ဟိတ်လည်း မရှိဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

# ပဋ္ဌာနပါဠိ

## စုဋ္ဌာနဝိဘင်္ဂ အပြောပါ ပစ္စည်းဘာသ

**(၇) သမ္ပယုတ္တဒုက်**

(ပဋ္ဌာနမ္ဘိဒါလေးပါးတို့သည်) ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်း ရှိကုန်၏။

**(၈) သင်္ခတဒုက်**

(ပဋ္ဌာနမ္ဘိဒါလေးပါးတို့သည်) အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်၏။

**(၉) သနိဒဿနဒုက်**

(ပဋ္ဌာနမ္ဘိဒါလေးပါးတို့သည်) မြင်အပ်သော သဘောမရှိကုန်။

**(၁၀) သပ္ပဋိဃဒုက်**

(ပဋ္ဌာနမ္ဘိဒါလေးပါးတို့သည်) ထိပါးတတ်သော သဘောမရှိကုန်။

**(၁၁) ရူပီဒုက်**

(ပဋ္ဌာနမ္ဘိဒါလေးပါးတို့သည်) နာမ် ဖြစ်ကုန်၏။

**(၁၂) လောကိယဒုက်**

ပဋ္ဌာနမ္ဘိဒါသုံးပါးတို့သည် လောက၌ အကျုံးဝင်ကုန်၏။ အတ္ထပဋ္ဌာနမ္ဘိဒါသည် ရံခါ လောက၌ အကျုံးဝင်၏၊ ရံခါ လောကမှ ထွက်မြောက်၏။

**(၁၃) ကေနစိဝိညေယျဒုက်**

(ပဋ္ဌာနမ္ဘိဒါလေးပါးတို့သည်) တစ်စုံတစ်ခုသော စိတ်သည် သိအပ်သော သဘောရှိကုန်၏၊ တစ်စုံ တစ်ခုသော စိတ်သည် သိအပ်သော သဘော မရှိကုန်။

# ပဋ္ဌာနသမ္ဘိဒါဝိဘင်္ဂ

## အာသဝဂေါစ္ဆကအဖြေ

### (၁၄) အာသဝဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အာသဝ မမည်ကုန်။

### (၁၅) သာသဝဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အာသဝ၏ အာရုံဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါသည် ရံခါ အာသဝ၏ အာရုံ ဖြစ်၏၊ ရံခါ အာသဝ၏ အာရုံမဖြစ်။

### (၁၆) အာသဝသမ္ပယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့သည်) အာသဝနှင့် မယှဉ်ကုန်။

### (၁၇) အာသဝသာသဝဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့ကို အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်ကုန်၏ဟု မဆိုအပ်ကုန်။ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ကုန်။ အတ္ထပဋ္ဌိသမ္ဘိဒါကို အာသဝလည်းမည်၊ အာသဝ၏ အာရုံလည်း ဖြစ်၏ဟု မဆိုအပ်။ ရံခါ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်၊ ရံခါ အာသဝ၏ အာရုံသာဖြစ်၍ အာသဝ မမည်ဟု မဆိုအပ်။

### (၁၈) အာသဝအာသဝသမ္ပယုတ္တဒုက်

(ပဋ္ဌိသမ္ဘိဒါလေးပါးတို့ကို) အာသဝလည်း မည်၊ အာသဝနှင့်လည်း ယှဉ်ကုန်၏ဟူ၍ လည်းကောင်း၊ အာသဝနှင့်သာ ယှဉ်၍ အာသဝ မမည်ကုန်ဟူ၍ လည်းကောင်း မဆိုအပ်ကုန်။

### (၁၉) အာသဝဝိပ္ပယုတ္တသာသဝဒုက်

ပဋ္ဌိသမ္ဘိဒါသုံးပါးတို့သည် အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာ ဖြစ်ကုန်၏။ အတ္ထပဋ္ဌိသမ္ဘိဒါ သည် ရံခါ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံသာဖြစ်၏၊ ရံခါ အာသဝနှင့် မယှဉ်မူ၍ အာသဝ၏ အာရုံ မဟုတ်။

# ပဋ္ဌာန်းသင်္ဂြိုဟ်

## သံယောဇနဂေါစ္ဆကအဖြေ

(၂၀-၂၅) သံယောဇနဒုက်

(ပဋ္ဌိုသမ္ဘိဒါလေးပါးတို့သည်) သံယောဇဉ် မမည်ကုန်။ပ။

## ဂန္ထဂေါစ္ဆကအဖြေ

(၂၆-၃၁) ဂန္ထဒုက်

(ပဋ္ဌိုသမ္ဘိဒါလေးပါးတို့သည်) ဂန္ထ မမည်ကုန်။ပ။

## သဃဂေါစ္ဆကအဖြေ

(၃၂-၃၇) ဩဃဒုက်

(ပဋ္ဌိုသမ္ဘိဒါလေးပါးတို့သည်) ဩဃ မမည်ကုန်။ပ။

## ယောဂဂေါစ္ဆကအဖြေ

(၃၈-၄၃) ယောဂဒုက်

(ပဋ္ဌိုသမ္ဘိဒါလေးပါးတို့သည်) ယောဂ မမည်ကုန်။ပ။

## နီဝရဏဂေါစ္ဆကအဖြေ

(၄၄-၄၉) နီဝရဏဒုက်

(ပဋ္ဌိုသမ္ဘိဒါလေးပါးတို့သည်) နီဝရဏ မမည်ကုန်။ပ။

## ပရာမာသဂေါစ္ဆကအဖြေ

(၅၀-၅၄) ပရာမာသဒုက်

(ပဋ္ဌိုသမ္ဘိဒါလေးပါးတို့သည်) ပရာမာသ မမည်ကုန်။ပ။

# ပဋ္ဌာန်းသမ္ဘိဒါဝိဘင်္ဂ

## မဟာန္တရဒုက်အဖြေ

**(၅၅) သာရမ္မဏဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) အာရုံပြုခြင်း ရှိကုန်၏။

**(၅၆) စိတ္တဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ် မမည်ကုန်။

**(၅၇) စေတသိကဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စေတသိက် မည်ကုန်၏။

**(၅၈) စိတ္တသမ္ပယုတ္တဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့် ယှဉ်ကုန်၏။

**(၅၉) စိတ္တသံသဋ္ဌဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့် နှီးနှောကုန်၏။

**(၆၀) စိတ္တသမုဋ္ဌာနဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်ကြောင့် ဖြစ်ကုန်၏။

**(၆၁) စိတ္တသဟဘူဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်တကွ ဖြစ်ကုန်၏။

**(၆၂) စိတ္တာနုပရိဝတ္တိဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်သို့ အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၃) စိတ္တသံသဋ္ဌသမုဋ္ဌာနဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်ကုန်၏။

**(၆၄) စိတ္တသံသဋ္ဌသမုဋ္ဌာနသဟဘူဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်နှင့်လည်းတကွ ဖြစ်ကုန်၏။

**(၆၅) စိတ္တသံသဋ္ဌသမုဋ္ဌာနာနုပရိဝတ္တိဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) စိတ်နှင့်လည်း နှီးနှော၊ စိတ်ကြောင့်လည်း ဖြစ်၊ စိတ်သို့လည်း အစဉ်လိုက်၍ ဖြစ်ကုန်၏။

**(၆၆) အဇ္ဈတ္တိကဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) အပ 'ဗဟိဒ္ဓ' ၌ ဖြစ်ကုန်၏။

**(၆၇) ဥပါဒါဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) မဟာဘုတ်လေးပါးတို့ကို မှီ၍ မဖြစ်ကုန်။

**(၆၈) ဥပါဒိန္နဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် မယူအပ်ကုန်။

## ဥပါဒါနဂေါစ္ဆကအဖြေ

**(၆၉-၇၄) ဥပါဒါနဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ပဋိသမ္ဘိဒါလေးပါးတို့သည် ဥပါဒါန် မမည်ကုန်။ပ။

## ကိလေသဂေါစ္ဆကအဖြေ

**(၇၅-၈၂) ကိလေသဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ကိလေသာ မမည်ကုန်။ပ။

# ပဋ္ဌာန်းသမ္ဘိဒါဝိဘင်္ဂ

## ပိဋ္ဌိုဒုက်အဖြေ

**(၈၃) ဒဿနေနပဟာတဗ္ဗဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၄) ဘာဝနာယပဟာတဗ္ဗဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော တရားတို့ မဟုတ်ကုန်။

**(၈၅) ဒဿနေနပဟာတဗ္ဗဟေတုကဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၆) ဘာဝနာယပဟာတဗ္ဗဟေတုကဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) အထက်မဂ်သုံးခုဖြင့် ပယ်အပ်သော ဟိတ်ရှိသော တရားတို့ မဟုတ်ကုန်။

**(၈၇) သဝိတက္ကဒုက်**

ပဋိသမ္ဘိဒါသုံးပါးတို့သည် ဝိတက် ရှိကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဝိတက်ရှိ၍ ရံခါ ဝိတက် မရှိ။

**(၈၈) သဝိစာရဒုက်**

ပဋိသမ္ဘိဒါသုံးပါးတို့သည် ဝိစာရ ရှိကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဝိစာရ ရှိ၍ ရံခါ ဝိစာရ မရှိ။

**(၈၉) သပ္ပီတိကဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ပီတိ ရှိကုန်၏၊ ရံခါ ပီတိ မရှိကုန်။

**(၉၀) ပီတိသဟဂတဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ပီတိနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ပီတိနှင့်တကွ မဖြစ်ကုန်။

**(၉၁) သုခသဟဂတဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ သုခဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ သုခဝေဒနာနှင့်တကွ မဖြစ်ကုန်။

**(၉၂) ဥပေက္ခာသဟဂတဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရံခါ ဥပေက္ခာဝေဒနာနှင့်တကွ ဖြစ်ကုန်၏၊ ရံခါ ဥပေက္ခာဝေဒနာနှင့် တကွ မဖြစ်ကုန်။

**(၉၃) ကာမာဝစရဒုက်**

ပဋိသမ္ဘိဒါသုံးပါးတို့သည် ကာမာဝစရ မည်ကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ကာမာဝစရ ဖြစ်၏၊ ရံခါ ကာမာဝစရ မဖြစ်။

**(၉၄) ရူပါဝစရဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) ရူပါဝစရ မဖြစ်ကုန်။

**(၉၅) အရူပါဝစရဒုက်**

(ပဋိသမ္ဘိဒါလေးပါးတို့သည်) အရူပါဝစရ မဖြစ်ကုန်။

**(၉၆) ပရိယာပန္နဒုက်**

ပဋိသမ္ဘိဒါ သုံးပါးတို့သည် ဝဋ်တရား၌ အကျုံးဝင်ကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဝဋ်တရား၌ အကျုံးဝင်၏၊ ရံခါ ဝဋ်တရား၌ အကျုံးမဝင်။

**(၉၇) နိယျာနိကဒုက်**

ပဋိသမ္ဘိဒါသုံးပါးတို့သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်ကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်၏၊ ရံခါ ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း မဟုတ်။

**(၉၈) နိယတဒုက်**

ပဋိသမ္ဘိဒါသုံးပါးတို့သည် အကျိုးပေး မမြဲကုန်။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ အကျိုးပေး မြဲ၏၊ ရံခါ အကျိုးပေး မမြဲ။

**(၉၉) သဥတ္တရဒုက်**

ပဋိသမ္ဘိဒါသုံးပါးတို့သည် မိမိထက် လွန်မြတ်သော တရား ရှိကုန်၏။ အတ္ထပဋိသမ္ဘိဒါသည် ရံခါ မိမိထက် လွန်မြတ်သော တရားရှိ၏၊ ရံခါ မိမိထက် လွန်မြတ်သော တရားမရှိ။

**(၁၀၀) သရဏဒုက်**

ပဋိသမ္ဘိဒါလေးပါးတို့သည် ငိုကြွေးကြောင်း ရာဂစသော ကိလေသာ မရှိကုန်။

**အမေးအဖြေပြု၍ ဟောကြားသော ပဉှာပုစ္ဆကနည်း ပြီး၏။**

## ပဋိသမ္ဘိဒါလေးပါးတို့ကို ဝေဖန်၍ပြသော

## ပဋိသမ္ဘိဒါဝိဘင်း ပြီးပြီ။